# စန္ဒာဝင်းထွန်း

## လှေကားဖြင့်အချစ်များဆီ



လှေကားဖြင့် အချစ်များဆီ
စန္ဒာဝင်းထွန်း

သူတို့နှစ်ယောက် ကျွန်မကြောင့် ရန်သူ ဖြစ်သွားကြတယ်။ ကျွန်မကို ပိုင်ဆိုင်ဖို့ အပြိုင်အဆိုင် ကြိုးစားကြတယ်။ ဒါဟာ အချစ်ကြောင့်လို့ ရူးသွပ်စွာ ယုံကြည်ခဲ့မိပေမဲ့ တကယ်တမ်းကျတော့ အချစ်ကြောင့် မဟုတ်ပါဘူး။ ကျွန်မဟာ ခိုင်ခံ့ ကောင်းမွန်တဲ့ လှေကားထစ် ဖြစ်နေတဲ့အတွက် သူတို့ နှစ်ယောက် လှေကား လုကြတာပါ။

ဒါကို အတော် နောက်ကျမှ ကျွန်မ သိခဲ့ရတာ။

သိလိုက်တဲ့အချိန်မှာ ဘာမှ လုပ်လို့မရတော့ဘူး။

ဒေါ်နွေကုံကော်

မိန်းမတစ်ယောက်က အချစ် မပါဘဲ သင်္ချာတွက်ပြီး အိမ်ထောင်ဖက်ရွေးတယ် ဆိုတာ လူကြားလို့ ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီအလုပ်မျိုးကို ယောကျ်ားတစ်ယောက်က လုပ်တယ် ဆိုရင်တော့ သိပ်အရုပ်ဆိုးတာပေါ့။

ကျွန်မချစ်တဲ့ ယောကျ်ားတစ်ယောက်ဟာ အဲဒီအရုပ်ဆိုးတဲ့ အလုပ်ကို ခံ့မင်စွာ လုပ်တဲ့သူပါပဲ။

ဒီအတွက် အံ့ဩတာထက် ပိုပြီး မတတ်နိုင်ခဲ့ပါဘူး။

မြရော

အခန်း ၁

အကယ်၍သာ ထိုနေ့ညနေက သူမထံသို့ မောင် ရောက်မလာခဲ့ဘူး ဆိုလျှင် ...

ရောက်လာတယ်ပဲထား၊ မောင်နှင့် ထိုအမျိုးသမီး မဆုံဖြစ်ခဲ့လျှင် ...

ဆုံဖြစ်တယ်ပဲထား၊ ဆတ်ဆတ်ဆော့ဆော့ လုပ်ပြီး မောင်နှင့် ထိုအမျိုးသမီးကို သူမ မိတ်မဆက် ပေးခဲ့ဘူးဆိုလျှင် ...

မြဧရာဆိုသည့် သူမသည် ချစ်သူကို လက်လွှတ်ဆုံးရှုံး လိုက်ရသည့် ရည်းစားပျက်မလေး တစ်ယောက် ဖြစ်ရလိမ့်မည်မထင်ပါ။

သို့သော် ထိုအဖြစ်အပျက်များ အားလုံး အမှန်တကယ်ကို ဖြစ်ပျက်ခဲ့ပါသည်။

ထို့ကြောင့် သူမသည်လည်း ကံဆိုးခဲ့ရပါသည်။

***

ထိုတနင်္ဂနွေ၏ ညနေခင်းသည် ခါတိုင်းထက် ထူးကဲစွာ သာယာနေပြီး မြဧရာတို့၏ ‘ညနေခင်း’ ဟု အမည်ပေးထားသည့် အလှပြုပြင်ဆိုင်ကြီး တွင်လည်း ဧည့်သည်တွေနှင့် စည်ကားနေခဲ့သည်။

"ဟော့၊ လျှော်ပြီးရင် ကိုယ်က မြဧရာနဲ့ပဲ ညှပ်မှာနော်၊ တခြားသူနဲ့ မညှပ်ဘူး"

မြဧရာက သူမလို ဆံပင်ညှပ်သမား မေမော်ကို အားနာမိပေမဲ့ ဧည့်သည်အလိုကျ ပြုံးရယ် ခေါင်းညိတ်လိုက်ရသည်။

"စိတ်ချ မမ၊ မမ ခေါင်းလျှော်ပြီးမှာနဲ့ ဒီမှာ လက်စသတ်မှာ ကွက်တိပဲ"

"ဒါပဲနော်၊ ပြီးမှ ခဏစောင့်ပါဦး မလုပ်နဲ့၊ ကိုယ်က မြဧရာနဲ့ပဲ ညှပ်ချင်တာသိလား"

"စိတ်ချပါ မမရဲ့ စိတ်ချ"

ရယ်မောရင်း သူမကို ခပ်စွေစွေကြည့်သည့် မေမော် အကြည့်တွေကို မြရောက သတိထားမိသေးသည်။

ဒါပေမဲ့ ဘာမှ မတတ်နိုင်။

ညနေခင်း ဆိုင်တွင် သူမနှင့် မေမော် လခစားနှင့် ဆံပင်ညှပ်ကြပေမဲ့ သူမလက်ရာကို လူတွေ ပိုသဘောကျသည်။

သူမကို ခင်မင်သူ ပိုများကြသည်။ ထို့ကြောင့် နေ့စဉ် အနားမရအောင် သူမ အလုပ်များရသည်။ လခအပြင် တစ်ခေါင်းညှပ်လျှင် ကော်မရှင် ဘယ်လောက်ဆိုပြီး ထပ်ပေးသည့် အတွက် ညနေခင်းတွင် သူမ ဝင်ငွေ အဖြောင့်ဆုံး၊ သူမ နာမည်အကြီးဆုံး၊ သူမ အထင်ပေါ်ဆုံးပဲ ဖြစ်ပါ၏။

အခု သူမနဲ့ပဲ ဆံပင်ညှပ်ချင်ပါသည်ဟု တခြားလူတွေကို အရေးမစိုက်ဘဲ ပြောသွားသည့် အမျိုးသမီးသည် အံ့သြစရာ ကောင်းလောက်အောင် ငွေဖြုန်းနိုင်သည်။

ဆိုင်သို့ တစ်ခါလာလျှင် ခေါင်းလျှော်၊ ဆံပင်ညှပ်၊ မျက်နှာ၊ ဆံပင် ပေါင်းတင်၊ မျက်နှာရွှေသွင်း၊ ခြေသည်း လက်သည်း ပြုပြင်၊ အားလုံးကို အချိန် တမေ့ကြီးပေးပြီး လုပ်တတ်သည်။ ငွေရှင်လို့ တစ်သောင်းခွဲ နှစ်သောင်း ကျသွားလျှင်လည်း နည်းနည်းမှ ဂရုမစိုက်။ တစ်ခါတလေ အဖော်တွေကိုပါ ခေါ်ပြီး ပြုပြင် ပေးတတ်သေးသည်။

ခေါင်းလျှော်ပေး၊ ပေါင်းတင်ပေး၊ ဆံပင်ညှပ်ပေးသူများ ကိုလည်း ဘောက်ဆူးတွေ ပေးသွားတတ်သေးသည်။

ထိုအမျိုးသမီးသည် သူမ မြင်ဖူးသမျှ မိန်းမတွေထဲမှာတော့ အရက်ရောဆုံးပဲ ဖြစ်လိမ့်မည် ထင်သည်။

နောက်ဆုံးပေါ် ကားကြီးကို ကိုယ်တိုင်မောင်း၍ လာတတ်သော ထို

အမျိုးသမီး ဘယ်လောက် ချမ်းသာသည်ကို မခန့်မှန်းနိုင်သလို၊ ခေတ်ဆန် နုပျိုလွန်းသည့် ထိုအမျိုးသမီး၏ အသက် ဘယ်လောက်ရှိပြီ ဆိုတာကို လည်း ဘယ်သူမှ မခန့်မှန်းနိုင်တာ သေချာသည်။

မှုန်နေအောင်လှသည့် ထိုအမျိုးသမီး၏ နာမည် ဒေါ်နွေကံ့ကော် ဆိုတာကို ပဲ သူမ သိသည်။ ထို့ထက်ပို၍ ဘာမှမသိ။ ဘာပဲဖြစ်ဖြစ် သူမအပေါ် အတော် ရက်ရောသော ထိုအမျိုးသမီးကို မြရောကလည်း အလေးထား ဆက်ဆံပါသည်။

ညှပ်လက်စခေါင်းကို လက်စသတ်ပြီး သွားတာနှင့် သူမဆံပင်ညှပ်သည့် ခုံ ပေါ်သို့ ဒေါ်နွေကံ့ကော် ရောက်လာသည်။

"ဒီအတိုင်းပဲ မြရော၊ ကိုယ် ဆံပင်ပုံ မပြောင်းချင်သေးဘူး"

"ဟုတ်ကဲ့ မမ"

ပိုးသားလို ပျော့အိနက်မှောင်နေသည့် ဆံပင်များကို ရှိရင်းစွဲပုံစံအတိုင်း အနည်းငယ် တိုသွားအောင် သူမက ညှပ်နေမိသည်။

"အဆင်ပြေရဲ့လား မြရော"

"ဟုတ်ကဲ့ ဒီလိုပါပဲ မမ"

"မင်းကို ကြည့်ရတာ ပင်ပန်းနေသလိုပဲ၊ အလုပ်တွေ အရမ်းမလုပ်နဲ့ကွ၊ လူဆိုတာ မသေမချင်း အလုပ်လုပ်ကြရမှာပဲ၊ ဒါကြောင့် အလုပ်ကို ဖြည်းဖြည်းနဲ့ မှန်မှန်လုပ်ပေါ့"

"ဒါပေမဲ့မမရယ်၊ ဧည့်သည်တွေ ရောက်လာတော့လည်း လုပ်ရတာပဲပေါ့၊ ကိုယ်ပိုင်အလုပ် မဟုတ်တဲ့အတွက် ပင်ပန်းတယ်ဆိုပြီး နားလို့လည်း ရတာ မဟုတ်ဘူးလေ၊ မမကတော့ ကုသိုလ် ကောင်းလိုက်တာနော်၊ တစ်နေ့တခြား ဝင်းမွတ်ပြီး လှလှလာလိုက်တာ၊ ငေးကြည့်ချင်စရာ ကောင်း

နေပြီ"

ဒေါ်နွေကံ့ကော်က ညင်ညင်သာသာ ရယ်မောနေသည်။

မှန်ထဲမှ မြင်နေရသည့် ထိုအမျိုးသမီး၏ မျက်နှာကို မြဇေရာက ငေးကြည့်မိသည်။ အမှန်တကယ်ကို အပြစ်ဆိုစရာမရှိ။ နဂိုအခံ လှပသည့်ကြားထဲ ငွေကုန်ကြေးကျခံပြီး ဂရုတစိုက် ပြင်ဆင် ထိန်းသိမ်းထားသည့် အတွက် အလှက နုညက်နေသည်။

အသက် လေးဆယ်လောက်ပဲ ရှိမလား၊ အမြဲတစေ တစ်ယောက်တည်းပဲ လာတတ်တာ ဆိုတော့ အိမ်ထောင်လား၊ မရှိဘူး ဒါမှမဟုတ် အမျိုးသားက တခြား တစ်နေရာမှာလား။

"ကိုယ့်ကို သိပ်မမြှောက်နဲ့ မြဇေရာရေ၊ ကိုယ်က လှတယ် ပြောရင် သိပ်ကြိုက်တာ မဟုတ်ဘူး၊ မင်းကို စိတ်ဆိုးမိမှာ"

"မမြှောက်ပါဘူး မမရယ်၊ ဘယ်သူပဲဖြစ်ဖြစ် ဒီလိုပဲ ပြောမှာပါ၊ မမ ဒီလောက်လှတဲ့ဥစ္စာ၊ မြှောက်ပြောစရာ စကားလုံးတောင် မရှိပါဘူးနော်"

"အံမယ်မယ်၊ မြဇေရာက ပြောတတ်လိုက်တာ"

ဒေါ်နွေကံ့ကော်နှင့် ပြောဆို ရယ်မောနေဆဲ သူမထံသို့ မောင် ရောက်လာခြင်း ဖြစ်သည်။

"မြဇေရာရေ ဧည့်သည်"

မန်နေဂျာ မမခိုင်က လှမ်းပြောသည်။

ထိုအချိန်အထိ သူမက ထိုဧည့်သည်သည် မောင် ဖြစ်လိမ့်မည်ဟု မထင်မိပါ။

သူမ ရှေ့မှန်တွင် မောင့်ပုံရိပ် ပေါ်လာတော့မှ အံ့ဩ ဝမ်းသာရတော့သည်။

"မောင်ခဏလေး ထိုင်နော်"

တိုးတိုးလေး ပြောလိုက်ပေမဲ့ သူမ ပြောတာကို ကြားသွားသည့် အတွက် ဒေါ်နွေကံ့ကော်က မုန့်ထဲကနေပဲ မောင့်ကို တစ်ချက် လှမ်းကြည့်သည်။

"ဘွိုင်းဖရင့်လား မြရော"

ရှက်စနိုးနှင့် သူမက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ မမ"

"ဩော် မြရောကလည်း အမြီးပေါက်နေပြီပေ့၊ အင်းလေ၊ ဒီအရွယ်မှ အမြီးမပေါက်ရင် ဘာမျောက်တဲ့လဲနော်"

သူမကို ဒေါ်နွေကံ့ကော်က တရင်းတနှီး စသည်။ ထို့ကြောင့် ထို အမျိုးသမီး မောင့်ကို ခဏခဏ ကြည့်တာကို မြရောက ဟိုဟိုဒီဒီ မစဉ်းစား မိခဲ့။ ဒါ သူမ၏ ညံ့ဖျင်းမှုဖြစ်မည် ဆိုလျှင် ဒီထက်ပို၍ ညံ့ဖျင်းတာလည်း ရှိ သေးသည်။

အဲဒါကတော့ ဆံပင်ညှပ် ပုံသွင်းပေးပြီးသွားတာနှင့် လတ်တလော အားလပ်သွားသည့် မြရောက မောင်နှင့် ဒေါ်နွေကံ့ကော်ကို မလိုအပ်ပါဘဲ မိတ်ဆက်ပေးလိုက်မိခြင်းပင် ဖြစ်သည်။

သေချာတာကတော့ ထိုလုပ်ရပ်သည် ကြီးမားသော မှားယွင်းမှု၏ ပထမ ခြေလှမ်း ဖြစ်သွားရတာပဲ ဖြစ်ပါလိမ့်မည်။

***

"ကြုံတုန်း မိတ်ဆက်ပေးရဦးမယ် မမ၊ ဒါက မင်းသူရိန်တဲ့၊ ကျွန်မရဲ့ ဘွိုင်းဖရင့်ပေ့၊ မောင်၊ ဒါက မမ ဒေါ်နွေကံ့ကော်လေ"

သူမ မိတ်ဆက်ပေးလိုက်တာနှင့် မောင်က နှစ်လိုဖွယ်အပြုံးကို ပြုံးလိုက် ပြီး ဒေါ်နွေကံ့ကော်ကို ခပ်ကြာကြာ ကြည့်သည်။

အံ့ဩစရာ ကောင်းတာကတော့ ဒေါ်နွေကံ့ကော်က အနောက်တိုင်း ဆန်

ဆန်ပင် မောင့်ထံသို့ လက်တစ်ဖက် ကမ်းပေးလိုက်ပြီး မောင်က ဖြူဝင်း လှပသည့် ထိုအမျိုးသမီး၏ လက်ကလေးကို ဆွဲယူ နှုတ်ဆက်နေသည်မှာ လိုအပ်တာထက် ပိုကြာအောင်ကို ဖြစ်နေသည်။

သို့သော် ထိုအချိန်ထိ မြဇရောက ညှံ့ဖျင်းနေဆဲပဲ ရှိပါသေးသည်။

"အခုလို သိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ် မမ"

"ကိုယ်လည်း ဝမ်းသာပါတယ်၊ ဒါနဲ့ မင်းက ဇာတ်ညွှန်းတွေ ရေးတဲ့ မင်းသူရိန်လားဟင်"

ဒေါ်နွေကုံကော်၏ မေးခွန်းကြောင့် မောင့်မျက်လုံးများက ကျေနပ်တောက်ပသွားပြီး မြဇရောကတော့ မောင့်ကို ထိုအမျိုးသမီးက ဇာတ်ညွှန်းရေးဆရာ တစ်ယောက်အဖြစ်နှင့် သိနေသည့် အတွက် ကျေနပ်ဂုဏ်ယူမိသေးသည်။

"ဟာ မမက သတိထားမိတယ်လား"

"သတိထားမိရုံလောက် ဘယ်ကပ့ါမလဲ၊ ကိုယ်က မင်းရဲ့ဇာတ်ညွှန်းနဲ့ရိုက်တဲ့ ဗီဒီယိုကားတွေကို သတိထား ကြည့်ဖြစ်နေတဲ့ သူတစ်ယောက် ဆိုပါတော့၊ မင်းရဲ့အနုပညာကို ကိုယ် သဘောကျမိပါတယ်"

ဒေါ်နွေကုံကော်၏ စကားလုံးများက အထက်စီး ဆန်လွန်းလှသည်ဟု မြဇရောက ဖျတ်ခနဲ တွေးမိပေမဲ့ မောင်ဆိုသည့် လူငယ်လေးကတော့ သူမတွေးသလို တွေးမိပုံမရဘဲ ကျေးဇူးတွေကိုသာ နားညောင်းလောက်အောင် ထပ်ခါထပ်ခါ တင်နေတော့သည်။

"ကျေးဇူးတင်ပါတယ် မမ၊ ကျွန်တော့်ရဲ့ အနုပညာကို သတိထားပေး၊ နားလည်ပေးတဲ့ အတွက် ကျေးဇူး အများကြီး တင်ပါတယ်၊ တကယ် ကျေးဇူးတင်ပါတယ်ဗျာ"

မောင် တဆိတ်တော့ ပျာယာခတ်လွန်းသည်ဟု မြဧရာက တွေးမိသည်။ ဘေးက ကြည့်နေရသူ ဖြစ်သွားသည့် သူမက ဒီအတိုင်းပဲ ကြည့်နေရပြီး မောင်နှင့် ဒေါ်နွေကံ့ကော်ကတော့ အံ့သြစရာ ကောင်းလောက်အောင် လျင်မြန်သည့် ရင်းနှီးမှုဖြင့် အကြောင်းအရာမျိုးစုံကို ဆွေးနွေးနေကြတော့သည်။

အဲဒီအချိန်မှာပင် ဆံပင်ညှပ်မည့် ဧည့်သည်တစ်ယောက် ရောက်လာသည့်အတွက် မြဧရာက အလုပ် လုပ်ရပြန်သည်။

မောင်နှင့် ထိုအမျိုးသမီးကတော့ အဖွဲ့ကျနေဆဲ။ သူတို့ ဘာတွေ ပြောနေကြသည်ကို မကြားရပေမဲ့ မောင့်မျက်နှာ အထူးတလည် ရွှင်ပျနေတာကိုတော့ မြဧရာက သတိထားမိသည်။

အလုပ်ပြီးလို့ အနားကို သူမ ပြန်သွားတော့မှ မောင်တို့က စကားစ ပြတ်သွားပြီး ဒေါ်နွေကံ့ကော်က လက်ကိုင်ပဝါလေးနှင့် ပါးစပ်ကို ပိတ်ကာ လှပစွာ နှာချေသည်။

"ဟင် မမ နေမကောင်းဘူးလား"

"ဟုတ်တယ် မြဧရာရေ၊ ခေါင်းလျှော်တာ နည်းနည်း ကြာသွားတယ် ထင်ပါရဲ့ ခေါင်းတွေတောင် ကိုက်လာပြီ"

ရိုးသားသည့် သူမက အမှန်တကယ် စိတ်ပူသွားပြီး ဒုတိယနှင့် အကြီးကျယ်ဆုံး အမှားကို မည်သူ တစ်ဦးတစ်ယောက်၏ ပယောဂမှ မပါဘဲ ကိုယ်တိုင် ကျူးလွန်မိသွားတော့သည်။

အဲဒါကတော့ နှာစေး ခေါင်းကိုက်နေသည့် ဒေါ်နွေကံ့ကော်ကို ကားလိုက်မောင်းပေးဖို့ အတွက် မောင့်ကို ခိုင်းလိုက်မိခြင်းပင် ဖြစ်သည်။

"ဒုက္ခပါပဲ၊ မမ ဖျားတော့မယ်နဲ့ တူပါရဲ့နော်၊ ကားမောင်းလို့ရော ဖြစ်ပါ့မ

လားဟင်"

"ဖြစ်အောင် လုပ်ရမှာပေ့ါ မြရောရယ်၊ မဖြစ်လို့ ရမလားနော်"

ပြောပြီး ဒေါ်နွေကုံ့ကော်က နှာထပ်ချေသည်။

စောစောတုန်းက ဒေါ်နွေကုံ့ကော်နှင့် စကားတွေ ရွှန်းရွှန်းဝေနေခဲ့သည့် မောင်က အခုတော့ သူမနှင့် ထိုအမျိုးသမီး ပြောဆိုနေကြတာကိုပဲ တိတ်တိတ်လေး ကြည့်နေသည်။

"ဟာ မဖြစ်ဘူးထင်တယ် မမ၊ ဒီလိုလုပ်ပါလားဟင်၊ မောင့်ကို ကားမောင်း ပို့ခိုင်းမယ်လေ၊ မကောင်းဘူးလား"

မောင်က မငြင်းဆန်ပါ။

ဒေါ်နွေကုံ့ကော်ကလည်း မငြင်းပါ။

အဲဒီတော့မှ တလွဲတချော်တွေ လုပ်တတ်လေ့ရှိသည့် မြရောက မောင်အား မအားကို မေးမိသည်။

"မောင် မမကို ကားလိုက်မောင်းပေးဖို့ အားပါတယ်နော်

မောင်က ခေါင်းညိတ်သည်။

"အို ဒါဆိုရင်လည်း ကျေးဇူးအနန္တ ပါပဲကွာ"

အဲဒီနောက်တော့ ရှပ်အင်္ကျီဖြူ၊ ကော်လာ လည်ကတုံး လက်ရှည်ကို တံတောင်ဆစ်အပေါ်ထိ ရောက်အောင် ခေါက်ထားပြီး ကချင်ပုဆိုးကို ဝတ်ဆင်ထားသည့် မောင်နှင့် မှုန်နေအောင် လှပသည့် ဒေါ်နွေကုံ့ကော်က ညနေခင်းထဲမှ ထွက်ခွာသွားတော့သည်။

ဆိုးဝါးတာကတော့ ထိုအချိန်ထိ သူမသည် ညံ့ဖျင်းနေဆဲ ရှိနေသေးခြင်းပင် ဖြစ်သည်။

***

သူမကို လက်ယပ်လှမ်းခေါ်ပြီး ကောင်တာတွင် ထိုင်နေသည့် မမခိုင်က ထိုစကားကို ခပ်တိုးတိုး ပြောချိန်အထိ မြဲရောက နားမလည်မိသေးပါ။

"မြဲရောကလည်း ညံ့လိုက်တာကွာ"

"ဟင် ဘာဖြစ်လို့လဲ မမခိုင်"

"ဘာဖြစ်လို့ ကိုယ့်ချစ်သူကို သူစိမ်းမိန်းမ တစ်ယောက်ရဲ့ လက်ထဲ ဝကွက်အပ်လိုက်ရတာလဲ"

ဒီတော့မှ ခပ်ရေးရေး သဘောပေါက်ပြီး မြဲရောက ရယ်မောမိသည်။

"ဟာ မမခိုင်ကလည်း ဟာသတွေ ပြောနေပြန်ပါပြီ၊ ဒေါ်နွေကံ့ကော်လို အမျိုးသမီး တစ်ယောက်က မောင့်လို ကောင်လေး တစ်ယောက်ကို ဘာလုပ်မှာတဲ့လဲ၊ ပြီးတော့ မောင်ကရော သူ့ထက် အသက်ဆယ်နှစ်မက ကြီးချင်ကြီးနိုင်တဲ့ မိန်းမကြီး တစ်ယောက်ကို ဘာဖြစ်ရမှာမို့လို့လဲ"

"မြဲရောကတော့လေ၊ ပြောရင်းဆိုရင်းနဲ့ကို ညံ့ဖျင်းနေပြန်ပါပြီ၊ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူးနော်၊ ယုံကြည်စိတ်ချထားလို့ ရတဲ့အရာလည်း ဘာမှမရှိဘူး ကလေးမရ၊ လူတွေဆီမှာ ရိုးသားခြင်းဆိုတဲ့ အရာက သာလို့တောင် ရှာရခက်သေးတယ်၊ ဘယ်တော့မဆို များများတွေးပြီး ကာကွယ်ထားနိုင်မှ ဖြစ်မှာနော်၊ ဒေါ်နွေကံ့ကော်ရဲ့ ကြွယ်ဝ ချမ်းသာခြင်းက ယောကျ်ားဆယ်ယောက်မှာ နှစ်ယောက်လောက်ရဲ့ သမာဓိကို ရိုက်ချိုး ပစ်နိုင်တယ်ဆိုတာ ခေါင်းထဲထည့်ထား"

"ထည့်ထားတယ် မမခိုင်၊ ဒါပေမဲ့ မမခိုင်ပြောတဲ့ ယောကျ်ား ရှစ်ယောက်ထဲမှာ မောင် မပါဘူးနော်၊ ကျန်တဲ့ နှစ်ယောက်ထဲမှာပဲ မောင်က ရှိနေမှာရှင့်"

"ဟော ပြောရင်းနဲ့ပဲ မြဲရောတို့က ညံ့ဖျင်းနေပြန်ပြီ"

ညှော့သည် ထပ်ရောက်လာသည့် အတွက် မမခိုင် အနားကနေ သူမက ရယ်မောပြီး ထွက်လာခဲ့လိုက်သည်။

ထွက်လာစက သူမရင်ထဲတွင် ဘာမှ မရှိ။ ဒါပေမဲ့ တစ်စနှင့်တစ်စ တစ်ခုခု ဖြစ်လာတာကိုတော့ ဝန်ခံရလိမ့်မည် ထင်သည်။

အဲဒီ တစ်ခုခုက ဘာလဲ။

သူမ မတွေးတတ်။ မောင့်ကိုတော့ မြဧရာက မယုံမကြည် မဖြစ်မိ။ မောင့်ကို ရည်ရွယ်ချက်၊ ရည်မှန်းချက် ကြီးမားသည့်၊ ဖြစ်ချင်တာကို ဇွဲနပဲကြီးစွာ ဖြစ်အောင် လုပ်နေသည့် ယောကျာ်းပျိုလေး တစ်ယောက်အဖြစ် မြဧရာက အထင်ကြီးသည်။

ပြောပလောက်အောင် လှပချောမောခြင်း မရှိပေမဲ့ သိသာထင်ရှားစွာ ဆွဲဆောင်မှုတွေ ရှိနေသည့် မောင့်ကို မြဧရာ ချစ်သည်။ ချစ်သူသက်တမ်း နှစ်နှစ်နီးပါးအတွင်း ဘယ်လို အတိမ်းအစောင်းမျိုးမှ မရှိခဲ့သေးသည့် မောင့်ကို မြဧရာ ယုံသည်။

ကဲ၊ ဒါဆို ဘာဖြစ်နေရဦးမှာလဲ။

နောက်ဆုံးတော့ မြဧရာက ကိုယ့်ကိုယ်ကိုယ် အားပေးရင်းနှင့်ပဲ ရင်ဘတ်ထဲ ရောက်နေသည့် တစ်စုံတစ်ခုကို ထုတ်ပစ်လိုက်ရတော့သည်။

သို့သော် သူမ အနိုင်ရသည် ဟုတော့ သေချာပေါက် မပြောနိုင်ခဲ့ပါ။

***

# အခန်း [၂]

အကယ်၍ နွေကံ့ကော်သည် စည်းစိမ်ဥစ္စာများ ဝန်းရံထားသည့် ကြားထဲ၌ အထီးကျန်ဆန်စွာ လွင့်မျောနေရသူ မဟုတ်ခဲ့ဘူးဆိုလျှင် သူမသည် ဘာမှ မဟုတ်သည့် ကောင်လေး တစ်ယောက်အပေါ် တိမ်းညွတ် စိတ်ဝင်စားမိမည် မထင်ပါ။

သို့သော် သူမသည် အမှန်တကယ်ပင် အထီးကျန်စွာ လွင့်မျောနေရသူ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ...

***

ကားမောင်းနေသည့် ကောင်လေး၏ ခပ်သေးသေး လက်ချောင်းလေးများနှင့် မျက်တောင်တိုတို စိပ်စိပ်များကို အစပ်အဟပ် မတည့်စွာ တစ်ချက် ငေးကြည့်မိပြီး နွေကံ့ကော်က ကိုယ့်ကိုယ်ကိုယ် အံ့သြတကြီး ဖြစ်မိသည်။

သူမ ဘာတွေ လုပ်လာခဲ့မိပါလိမ့်။

နွေကံ့ကော်က အစမှ ပြန်တွေးမိသည်။

မြဧရာဆိုသည့် ဆံပင်ညှပ်သူ ကောင်မလေးကို ပြုံးပြလိုက်သည့် ကောင်လေး၏ အပြုံးနုနုကို မြင်လိုက်ရရုံဖြင့် စိတ်လှုပ်ရှား မိသွားတာဟာ အတော် ဆိုးရွားသည့် အက်စီးဒင့်ပဲ ဖြစ်ပါလိမ့်မည်။

မြဧရာက မိတ်ဆက်ပေးတော့ ခပ်ကြာကြာကြည့်သည့် ကောင်လေး၏ နက်ရှိုင်းသော အကြည့်တွင် နွေကံ့ကော် ကျရှုံးရပြန်သည်။ အဲဒါကရော ဘယ်လောက် ရှက်စရာ ကောင်းထားပါသလဲ။

နောက်ဆုံး သူမကိုယ်တိုင် ကားမောင်းလို့ ရပါလျက် ကောင်လေးကို လိုက်မောင်းပေးဖို့ လက်ခံလိုက်ခြင်းကရော ဘာကြောင့်လဲ။ ဘေးလူတွေ သိလျှင်တော့ ဝိုင်းရယ်တာခံရမှာ သေချာသည်။

"မမ နေကောင်းရဲ့လား၊ ကျွန်တော် ဆေးခန်းတစ်ခုခုကို မောင်းပေးရမလား"

"အင်း ရ ... ရတယ် မင်းသူရိန်၊ ကိုယ် နေကောင်းပါတယ်"

နွေကံ့ကော်က တုန်ယင်သွားသည့် အသံအတွက် ကိုယ့်ကိုယ်ကိုယ် ခပ်နာနာ ကျိန်ဆဲပစ်လိုက်မိသည်။

ဘာကြောင့် ဒီလိုဖြစ်ရမှာလဲ။

"ကျွန်တော့်ကို အားမနာနဲ့နော် မမ"

ကောင်လေးက ဂရုတစိုက် ပြောသည်။

"အားမနာပါဘူး မင်းသူရိန်၊ အစောကြီး ကတည်းက အားနာရင် မင်းကို ကားမောင်းပေးဖို့ ခိုင်းမိမှာတောင် မဟုတ်ပါဘူးနော်"

"ဒါဆို ကျေးဇူးတင်ပါတယ် မမ"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော့်ကို အားမနာလို့လေ"

ဘယ်သူက စ,ရယ်လိုက်သည်မသိ၊ သူမတို့ နှစ်ယောက် တက်ကြွစွာ ရယ်မောဖြစ်သွားသည်။

"ဇာတ်လမ်းဇာတ်ညွှန်း မင်းသူရိန် ဆိုတာကို ကိုယ် သတိထားမိတာတော့ ကြာပြီကွ၊ ဒါပေမဲ့ အဲဒီ စာရေးဆရာဟာ အခုလောက် ငယ်လိမ့်မယ်လို့တော့ ကိုယ် မထင်ခဲ့တာ အမှန်ပဲ"

"အခုလောက် အရုပ်ဆိုးလိမ့်မယ်လို့လည်း မထင်ဘူး မဟုတ်လား"

"မင်း အရုပ်မဆိုးပါဘူး၊ မင်းကို အရုပ်ဆိုးတယ်လို့ ပြောတဲ့သူဟာ မျက်စိမမြင်လို့ပဲ ဖြစ်မှာပေ့ါနော်"

တကယ်တော့ ထိုစကားများသည် အရည်မရ အဖတ်မရ စကားများသာဖြစ်ပြီး နွေကံ့ကော်က ထိုစကားများကိုပဲ စိတ်လိုလက်ရ ပြောဆိုနေတာကတော့ ဆိုးလွန်းလှသည်။

"ကျွန်တော် ဘယ်ကို မောင်းပို့ရမှာလဲဟင်"

"အို ဟုတ်သားပဲ၊ မင်းကို ကိုယ် လိပ်စာ မပေးဘဲ ကားမောင်းခိုင်းထားမိတယ်၊ ဆောရီးကွ"

"ကိစ္စမရှိပါဘူး မမ၊ ကျွန်တော်က မမ အနားမှာ ကြာကြာနေချင်တဲ့လူပဲ၊ လိပ်စာမပေးဘဲ တစ်ညလုံး ကားမောင်းခိုင်းထားရင်တောင် ကျွန်တော် စိတ်ညစ်မှာ မဟုတ်ဘူး"

ဘုရားရေ။

ဒီစကားကို ပြောတာဟာ ရိုးရိုးသားသား ဖြစ်နိုင်ပါ့မလား။

အတော် ရဲတင်းတဲ့ ကောင်လေးပဲ။ ညနေခင်းထဲမှာ သူ့ကောင်မလေး ကျန်ရစ်နေခဲ့တာကို မေ့လျော့ထားတယ် ထင်ပါရဲ့။

အမှန်အတိုင်း ဝန်ခံရလျှင် နွေကံ့ကော် ကိုယ်တိုင်လည်း မြဇရာကို မေ့လျော့နေမိတာပဲ ဖြစ်သည်။

"ရော့ ဒီမှာ လိပ်စာ၊ ဒီကတ်ကိုကြည့်ပြီး မင်း မောင်းတတ်တယ် မဟုတ်လား"

နွေကံ့ကော် အသံက အနည်းငယ် တည်သွားသည်။

"မမ ကျွန်တော့်ကို စိတ်ဆိုးသွားတာလား"

"ဟင် ဘာဖြစ်လို့လဲ"

"စိတ်ထဲမှာ ရှိတဲ့အတိုင်း ကျွန်တော် ပြောလိုက်မိလို့"

"ဟုတ်လား၊ ကိုယ်တော့ သတိတောင် မထားမိလိုက်ပါလား၊ ကဲ မြန်မြန်လေး မောင်း မင်းသူရိန်၊ မင်း မြဇေရာဆီ ပြန်သွားရဦးမယ် မဟုတ်လား"

မြဇေရာကို ထည့်ပြောလိုက်ပေမဲ့ မင်းသူရိန်ဆိုသည့် ကောင်လေးက အမူအရာ ပျက်ယွင်းမသွားပါ။ ခပ်တိုးတိုးပင် ရယ်မောလိုက်သေးသည်။ နွေကံ့ကော်ကတော့ မင်းသူရိန်ကိုပဲ မလွတ်တမ်း အကဲခတ်နေမိသည်။

"ရတယ် မမ၊ ပြန်သွားရင်လည်း ရတယ်၊ ပြန်မသွားဘူး ဆိုရင်လည်း ရတယ်၊ မြဇေရာဟာ ကျွန်တော့်အတွက် ရေးကြီးခွင်ကျယ် ပြဿနာလုပ်စရာ မလိုတဲ့ ကောင်မလေးပါ၊ မြဇေရာဆိုတာ ကျွန်တော့်ကို ခရေဇီဖြစ်နေတဲ့ ကောင်မလေး တစ်ယောက်ပဲလေ၊ မမ ရှေ့မှာမို့ ဖြောင့်ချက် ပေးရဦးမယ်၊ ကျွန်တော်ကတော့ သူ့ အပေါ်မှာ ကုန်ကြမ်း ရှာဖွေဖို့ထက် ဘာတစ်ခုမှ မပိုပါဘူး"

ထိုစကားကြောင့် စိတ်ကျေနပ်သလို၊ စိတ်အေးသွားသလို ခပ်ပါးပါးလေး ခံစားလိုက်ရတာဟာ ဘာဖြစ်တာလဲ။

မြဇေရာကတော့ သူနှင့် မင်းသူရိန် ချစ်သူတွေပါဟု ခေါင်းညိတ် ဝန်ခံထားသည်။ ဒါပေမဲ့ နွေကံ့ကော်က အဲဒီကိစ္စကို မေ့လျော့ပေါ့တန်စွာပဲ ထားချင်နေသည်။

မင်းသူရိန်က မြဇေရာကို ကုန်ကြမ်းရှာဖွေဖို့ထက် ဘာတစ်ခုမှ မပိုဟု ပြောသည်။ မင်းသူရိန် ကိုယ်တိုင် ပြောသည့် စကားထက် ပိုပြီး ဘယ်သူ ပြောတာကို ယုံကြည်ရဦးမှာလဲ။

"မမ၊ ဒီခြံ ဟုတ်ပါတယ်နော်"

အတွေးလွန်နေသည့် နွေကံ့ကော်က ကားရပ်သွားတာကိုပင် သတိမထား

မိခဲ့ပါ။ မင်းသူရိန်၏ အသံကို ကြားရတော့မှပဲ သတိပြန်ဝင်လာရသည်။ အလန့်တကြား ကြည့်လိုက်တော့ သူမ၏ ခြံတံခါးဝသို့ပင် ရောက်နေပြီ ဖြစ်သည်။

"ဟုတ်တယ် မင်းသူရိန်၊ ကားဟွန်းတီးလိုက်လေ"

မင်းသူရိန်က သူမ အမိန့်ပေးသမျှကို ကျိုးနွံစွာ နာခံနေသည်။

"တီတီ တီတီ"

ကားဟွန်းတီးသံကြောင့် ခြံစောင့်ဦးချိုက တံခါး လာဖွင့်ပေးသည်။ ပွင့်သွားသည့် တံခါးအတိုင်း မင်းသူရိန်က ခြံထဲသို့ မောင်းဝင်သည်။

သေချာတာကတော့ ထိုအချိန်အထိ မင်းသူရိန်ကို အိမ်ထဲသို့ ဖိတ်ခေါ်ဧည့်ခံဖို့ အတွက် သူမက မဆုံးဖြတ်ရသေးခြင်းပင် ဖြစ်သည်။

သို့သော် ပေါ်တီကိုအောက်တွင် ကားရပ်လိုက်တာနှင့် ကိုယ့်ကိုယ်ကိုယ် သတိမထားမိဘဲ သူမက မင်းသူရိန်ကို ဖိတ်ခေါ်မိပြီး ဖြစ်သွားသည်။

"ကဲ ကျေးဇူးတင်ပါတယ် မင်းသူရိန်၊ အိမ်ထဲဝင်ပြီး အပူဖြစ်ဖြစ် အအေးဖြစ်ဖြစ် တစ်ခုခု သောက်သွားဖို့ မင်းကို ဖိတ်ပါတယ်"

"နေပါစေ မမ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

မထင်မှတ်ဘဲ သူမ၏ ဖိတ်ခေါ်မှုကို မင်းသူရိန်က ငြင်းဆန်လိုက်သည့်အတွက် နွေကံ့ကော်က အံ့အားသင့်ရသည်။

သူမကသာ ဖိတ်ခေါ်လျှင် မင်းသူရိန်က ဝမ်းသာစွာ လက်ခံမှာပဲဟု ထင်ထားမိတာတွေက လွဲချော်သွားရ၏။ မင်းသူရိန်၏ မျက်နှာကလည်း အံ့ဩစရာ ကောင်းလောက်အောင် ရိုးသား တည်ငြိမ်နေပြန်သည်။ ဒါဟာ ပဥ္စလက် တစ်ခုလား။

နောက်ဆုံးတော့ နွေကံ့ကော်ကပဲ ပါးနပ်စွာဖြင့် မင်းသူရိန်ကို ချဉ်းကပ်

လိုက်ရတော့သည်။

"ကောင်းပြီလေ၊ မင်း မအားရင်လည်း မဝင်ပါနဲ့၊ ဒါပေမဲ့ အလုပ်ကိစ္စ အတွက် ကိုယ် မင်းနဲ့ တွေ့ချင်သေးတယ်"

"အလုပ်ကိစ္စ"

မင်းသူရိန်က နားမလည်ဟန်ဖြင့် ရေရွတ်သည်။

"ဟုတ်တယ်၊ ကိုယ် ရုပ်ရှင်ကားတွေ၊ ဗီဒီယိုတွေ ရိုက်တဲ့အလုပ်ကို စိတ်ဝင်စားတယ်၊ မင်းသူရိန်၊ ကိုယ် ပရိုဂျူဆာ လုပ်ကြည့်ချင်တယ်ကွာ၊ အဲဒီအတွက် မင်းဆီက အကူအညီ တောင်းချင်ပါသေးတယ်"

သူမပြောတာကို နားထောင်နေသည့် မင်းသူရိန်၏ မျက်လုံးများ ဖျပ်ဖျပ်ခါ အောင် တောက်ပသွားတာကို နွေကုံကော်က အသေအချာ မြင်လိုက်ရ သည်။

ထိုအချိန်အထိ နွေကုံကော်တွင် ပရိုဂျူဆာလုပ်ဖို့ စိတ်ကူးစိတ်သန်းများ လုံးဝ ရှိမနေသေးတာ သေချာသည်။

"မမအတွက် ကူညီဖို့ အဆင်သင့်ပါပဲ"

မင်းသူရိန်က သူ ပြောထားသည့်စကားကို ပယ်ဖျက်ပြီး သူမနှင့်အတူ အိမ် ထဲ ဝင်လိုက်တော့မည့် အရိပ်အယောင်များ ပြသနေဆဲမှာပဲ နွေကုံကော်က ဓာတ်လမ်းကို တမင်တကာ တိခနဲ ဖြတ်ပစ်လိုက်သည်။

"ကဲ ဒါဆိုလည်း ကျေးဇူးကြိုတင်တယ်ကွာ၊ နောက်မှ တွေ့ကြတာပေါ့၊ မင်းကို ပြန် လိုက်ပို့ပေးဖို့ လိုအပ်မလား မင်းသူရိန်"

"မလိုဘူး မမ၊ ကျွန်တော့်ဘာသာ ပြန်ပါ့မယ်"

"အိုကေ၊ ကောင်းသော ညနေခင်းပါ"

စိတ်လှုပ်ရှားသည့် မျက်ဝန်းများနှင့် သူမကို တစ်ချက် ငေးကြည့်ပြီး မင်း

သူရိန်က ပြန်သွားသည်။

နွေကံ့ကော်က အချစ်သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းလိုက်သည်။ သူမ သိသည်၊ ဒီဇာတ်လမ်းတွင် ဆက်ရန်တွေ များစွာရှိလိမ့်ဦးမည်။ အေးစက်စက် တောင့်တင်းနေခဲ့တာ ကြာပြီဖြစ်သည့် သူမ၏ နှလုံးသားက ညင်သာစွာ လှုပ်ရှားပြီး ပူနွေးလာသယောင် ထင်ရသည်။

ကဲ ဘာမှမဟုတ်တဲ့ ကောင်လေးတစ်ယောက်ဟာ သူမရဲ့ စိတ်ခံစားမှုတွေကို ပြောင်းလဲပေး နိုင်တယ် ဆိုရင် အံ့သြဖွယ် ဖြစ်မနေဘူးလား။

ခမ်းနားထည်ဝါသည့် အိမ်ကြီးထဲသို့ ရွှင်မြူးစွာဖြင့် သူမက ဝင်လာခဲ့လိုက်သည်။ သူမ၌ စည်းစိမ်ဥစ္စာတွေ ရှိသည်။ ခြွေရံသင်းပင်းတွေ ရှိသည်။ မရေတွက်နိုင်သည့် ငွေကြေးတွေ ရှိသည်။ ဒါပေမဲ့ အချစ်တော့ မရှိပါ။ အချစ်စစ်စစ်ကို သူမ မသိပါ။

ထို့ကြောင့် သူမက အချစ်ကို ရှာဖွေဖို့ ဆုံးဖြတ် ပစ်လိုက်တော့သည်။ လောကမှာ အချစ်ဆိုတာကို မခံစားဖူးတဲ့ လူလောက် ကံဆိုးတာ ဘယ်မှာရှိနိုင်မလဲ။

သေချာသည်။

သူမ ကံမဆိုးချင်ပါ။

***

အဝတ်လဲပြီး တီဗွီရှေ့ထိုင်လိုက်တာနှင့် သူမ၏ ဆယ်လူလာဖုန်းက အသံမြည်လာသည်။

ထိုအချိန်အထိ ဖုန်းဆက်သူသည် မင်းသူရိန် ဖြစ်လိမ့်မည်ဟု နွေကံ့ကော်က လုံးဝ ထင်မထားမိပါ။ ဘာဖြစ်လို့လဲဆိုတော့ မင်းသူရိန် ပြန်သွားတာ ဆယ့်ငါးမိနစ်လောက်ပဲ ရှိသေးလို့ ဖြစ်သည်။

"ဟလို"

"မမ ကျွန်တော်ပါ"

နွေကုံကော်က မင်းသူရိန်အသံကို ဖုန်းထဲတွင် တစ်ခါမှ မကြားဖူးသည့်အတွက် အနည်းငယ် ဇဝေဇဝါ ဖြစ်သွားရသည်။

"ဘယ်သူပါလဲရှင်"

"ကျွန်တော် မင်းသူရိန်ပါ၊ မမ အနှောင့်အယှက် ဖြစ်သွားပြီလား"

အံ့ဩသည့် အပြင် ဝမ်းသာသွားသည့် နွေကုံကော်က ခပ်တိုးတိုးလေး ရယ်မောလိုက်သည်။

"ဟင့်အင်း၊ အနှောင့်အယှက်တော့ မဖြစ်ပါဘူး၊ အမှန်အတိုင်း ဝန်ခံရရင် အံ့ဩသွားတယ် ဆိုပါတော့"

"ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် အံ့ဩနေမိတယ်"

ဘာဖြစ်လို့လဲဟု မမေးတော့ဘဲ နွေကုံကော်က ပြုံးနေလိုက်မိသည်။

သူမ၏ အပြုံးကို မင်းသူရိန်ကတော့ မမြင်နိုင်ပါ။

"မမ ဘာလုပ်နေလဲဟင်"

"ကိုယ်လား၊ တီဗွီရှေ့မှာပေါ့ကွာ၊ တစ်ယောက်တည်း နေရတဲ့ လူတစ်ယောက်အတွက် အကောင်းဆုံး အဖော်ဟာ တီဗွီပေါ့၊ မဟုတ်ဘူးလား"

မင်းသူရိန်က တိတ်ဆိတ်သွားသည်။

သူမကတော့ ဒီစကားကို ဘာကြောင့် ပြောလိုက်မိပါလိမ့်ဟု ခပ်ပါးပါးလေး ရှက်ရွံ့ရင်း ကိုယ့်ဘာသာကိုယ် အပြေရှာဖွေမိသည်။

"မမကို သနားတယ်လို့ ကျွန်တော် ပြောရင် ရယ်စရာ ဖြစ်နေမလားပဲနော်"

"အင်း ကိုယ်ရယ်တော့ ရယ်မိမှာပဲ၊ ဒါပေမဲ့ ရယ်စရာ မကောင်းပါဘူးကွာ၊ ကျေးဇူးတင်ပါတယ်"

"မမ ဆေးသောက်ပြီးပြီလား"

နွေကုံကော်က ရုတ်တရက် ကြောင်အ,သွားပြီးမှ ခပ်မြန်မြန် ပြန်ဖြေလိုက်ရသည်။ ဘာမှ မဖြစ်ဘဲ ကားမောင်းပြီး လိုက်ပို့ခိုင်းတယ် ဆိုတာကိုတော့ မင်းသူရိန် မသိစေချင်ပါ။

"အင်း သောက်ပြီးပါပြီ၊ ကိုယ် ဘာမှ မဖြစ်တော့ပါဘူး"

"ကျွန်တော် မမအကြောင်းကို အခုထက်ပိုပြီး ရင်းရင်းနှီးနှီး သိချင်တယ်ဗျာ"

"အလို၊ အခုရော မင်းက ကိုယ့်အကြောင်းကို ဘယ်လောက် သိနေလို့လဲ မင်းသူရိန်"

"ဟင့်အင်း ကျွန်တော် ဘာမှ မသိပါဘူး၊ ဒါပေမဲ့ ကျွန်တော့် နှလုံးသားကတော့ အားလုံးကို သိနေသလိုပဲ"

မြတ်စွာဘုရား။

နွေကုံကော်က အသက်ရှူမြန်ဆန်လာပြီး ရင်ခုန်သံတွေ ပိုမိုကျယ်လောင်လာသည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုလည်း သတိပေးမိသည်။ ဖုန်းပိတ်ပစ်မှ ဖြစ်တော့မည်။

"ကဲ၊ ကိုယ် နားတော့မယ်နော်"

မင်းသူရိန်က တိတ်ဆိတ်သွားသည်။ တကယ်ဆို ထိုစကားသည် နှုတ်ဆက်စကားမို့ ဖုန်းပိတ်ရန် လုံလောက်နေသော်လည်း သူမက ဖုန်းမပိတ်နိုင်သေးပါ။

"ကျွန်တော် ..."

မင်းသူရိန်က တိတ်ဆိတ်သွားပြန်သည်။

"ပြောလေ"

သူမ အသံကလည်း ယိုင်နဲ့နေသည်။

"ကျွန်တော် မမနဲ့ တွေ့ချင်သေးတယ်"

မင်းသူရိန်၏ အသံက မနူးမနပ် လူပျိုရိုင်းကလေး တစ်ယောက်၏ အသံမျိုး ဖြစ်နေသည်။

"ကိုယ်တို့ အလုပ်ကိစ္စနဲ့ တွေ့ဖြစ်ဦးမှာပါ မင်းသူရိန်၊ ကိုယ် မင်းဆီက အကူအညီတွေ တောင်းရဦးမယ် မဟုတ်လား၊ ကဲ ဂွတ်နိုက်၊ ကိုယ် နားတော့မယ်နော်"

နွေကံ့ကော်က ဖုန်းကို ပိတ်ပစ်လိုက်ပြီး မောပန်းစွာ သက်ပြင်းချမိသည်။ ရှေ့ဆက်ရမည့် နေ့ရက်များသည် ပျော်စရာ နေ့များ၊ စိတ်လှုပ်ရှားဖွယ် နေ့များ ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မည်။

ကဲ သူမအတွက် ပျော်စရာနဲ့ စိတ်လှုပ်ရှားစရာတွေကို ဘယ်သူက ပေးမှာလဲ။ တီဗွီကို ကြည့်လိုက်တော့ ဖန်သားပြင်ပေါ်၌ မင်းသူရိန် ရှိနေသည်။

မျက်နှာကြက်ကို ကြည့်လိုက်တော့လည်း မင်းသူရိန် ...

မျက်စိမှိတ်လိုက်တော့လည်း မင်းသူရိန် ...

နွေကံ့ကော်က အသေအချာ သိလိုက်သည်။

ပွဲ မစခင် ကတည်းက သူမ ကျရှုံးသွားရပြီ ဖြစ်သည်။

***